# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## e-Newsletter

Vol.1 No.5 May


- အန္တရာယ်ကင်းပရိတ်တရားတော်နာ ကျင်းပခြင်း (စာ-၂)
- ဌာနတွင်းလူ့အခွင့်အရေးအသိပညာပေးသင်တန်းအမှတ်စဉ် (၂) ဖွင့်လှစ် (စာ-၃)
- သတင်းထုတ်ပြန်ချက် အမှတ် (၂/၂၀၂၂) (စာ-၃)
- မြစ်ကြီးနားမြို့ပေါ်ရှိအကျဉ်းထောင်နှင့် မြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း (စာ-၅)
- ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန် မာပြည်)၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ (စာ-၆)
- ၂၀၂၂ ခုနှစ်၊ မတ်လ တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း (စာ-၈)
- မီးဘေးလုံခြုံရေးအတွက် အသိပညာပေး ဆွေးနွေးခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြခြင်း (စာ-၉)
- Video COnferencing Management Training သင်တန်းများဖွင့်လှစ်ခြင်း (စာ-၁၀)





### ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးများကျင်းပ

ဧပြီလ ၂၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၄/ ၂၀၂၂) ကို ၂၇-၄-၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ ၂၀၂၂ ခုနှစ်၊ မတ်လအတွက် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ကို ၅-၄-၂၀၂၂ ရက်နေ့တွင်ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးပေါ်လွင်စိန်၊ ဦးကျော်စိုးနှင့် ဦးတင်အောင် အထူးဖိတ်ကြားခံရသည့် ကော်မရှင်အဖွဲ့ဝင် (ဘဏ္ဍာ) ဦးကျော်မြင့်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# အန္တရာယ်ကင်း ပရိတ်တရားတော်နာကျင်းပခြင်း



ဧပြီလ ၁၇ ရက်

၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက် ( မြန်မာနှစ်ဆန်းတစ်ရက်နေ့) ၌ ကော်မရှင်ရုံးချုပ် (ရန်ကုန်) တွင် လှိုင်မြို့နယ်၊ မဟာစည်ဘုန်းကြီးကျောင်းမှ သံဃာတော် (၃) ပါးအားပင့်ဖိတ်ပြီး ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံးဝန်ထမ်းများမှ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း၊ ကော်မရှင်ရုံးခွဲ (နေပြည်တော်) တွင် မြို့မစမ်းမြိုင် တိုက်သစ်ကျောင်းမှ သံဃာတော် (၅) ပါးအား ပင့်ဖိတ်ပြီး ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် ရုံးဝန်ထမ်းများမှ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း၊ ကော်မရှင်ရုံးခွဲ (မန္တလေး) တွင် အိုးဘိုမြောက်ကျောင်းတိုက်မှ သံဃာတော် (၃) ပါးအား ပင့်ဖိတ်၍ ရုံးဝန်ထမ်းများမှ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်းများပြုလုပ်ခဲ့ပါသည်။





# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေး သင်တန်း အမှတ်စဉ် (၂/၂၀၂၂) ဖွင့်လှစ်




ဧပြီလ ၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ၏ လူ့အခွင့်အရေးဆိုင်ရာ အသိပညာ မြင့်မားလာစေခြင်းဖြင့် ကော်မရှင်၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်အောင် အထောက်အပံ့ပေးနိုင်သည့် လုပ်ငန်းကျွမ်းကျင်သူများ ဖြစ်လာစေရန် ရည်ရွယ်၍ ၄-၄-၂၀၂၂ ရက်နေ့ မွန်းလွဲ ၁၃:၀၀ နာရီ အချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ၌ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ကော်မရှင်ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးသည် ကော်မရှင်၏ မဟာဗျူဟာ ရည်မှန်းချက်ဖြစ်သည့်အတွက် လူ့အခွင့်အရေး အသိပညာပေးသင်တန်း၊ နည်းပညာဆိုင်ရာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း စသည့်သင်တန်းအမျိုးမျိုးကို စီစဉ်ပေးနေကြောင်း၊ ကော်မရှင်ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေခြင်းဖြင့် ကော်မရှင်၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်အောင် အထောက်အပံ့ပေးနိုင်သည့် လုပ်ငန်းကျွမ်းကျင်သူများ ဖြစ်လာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယခုနှစ်အတွင်း လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာသင်တန်းအား မတ်လတွင် ပထမအကြိမ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကို မပျက်မကွက် တက်ရောက်ပြီး လုံ့လဝီရိယဖွဲ့ရှိရှိဖြင့် ကြိုးစားလေ့လာဆည်းပူးရန် တိုက်တွန်းပါကြောင်း စသည်တို့ကို ပြောကြားခဲ့ပြီးသင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်။

ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေးသင်တန်း အမှတ်စဉ် (၂/၂၀၂၂) အားကော်မရှင်ရုံးခွဲများမှ ဝန်ထမ်းများအပါအဝင် သင်တန်းသားဦးရေ (၁၈) ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်း ကာလမှာ (၅) ရက်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် သင်တန်းပို့ချမှုအား Online, Face to Face စနစ် (၂) မျိုးဖြင့် Hybrid Format ကို အသုံးပြုပြီး လူ့အခွင့်အရေးဆိုင်ရာဘာသာရပ် (၁၃) ခုအား သင်ကြားသွားမည်ဖြစ်ကြောင်း၊ အလားတူ ဝန်ကြီးဌာနများသို့လည်း Online System ဖြင့် လူ့အခွင့် အရေးအသိပညာပေးသင်တန်းများ ထပ်မံဖွင့်လှစ်ဆောင်ရွက်ရန်ရှိကြောင်း သိရသည်။

## ငြိမ်းချမ်းရေးဆွေးနွေးပွဲကမ်းလှမ်းဖိတ်ခေါ်မှုနှင့်စပ်လျဉ်း၍
## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်
## ထုတ်ပြန်ချက်အမှတ် (၂ /၂၀၂၂)

ဧပြီလ ၂၈ ရက်

၁။ မြန်မာနိုင်ငံက ပါဝင်ထောက်ခံမဲပေးခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် အတည်ပြုချမှတ်ခဲ့သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၃ ၌ "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံခွင့် ရခွင့်ရှိသည်။" ဟု အသိအမှတ်ပြု ဖော်ပြပါရှိပါသည်။

၂။ အလားတူ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်ထားသော အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် ၃၈ တွင်လည်း "အာဆီယံနိုင်ငံများရှိ ပြည်သူအားလုံးနှင့် လူတိုင်းတွင် ငြိမ်းချမ်းရေးကို ရရှိခံစားခွင့်ရှိကြသည်။" ဟု အသိအမှတ်ပြု ဖော်ပြပါရှိပါသည်။

၃။ ယင်းအခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်ရေးအတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ် လိုအပ်သော ဦးစားပေးအခြေအနေတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး မရရှိခဲ့သဖြင့် လွန်ခဲ့သော ဆယ်စုနှစ်များစွာအတွင်း နိုင်ငံသားများအတွက် ဆိုးရွားသော ဆုံးရှုံးနစ်နာမှုများနှင့် အခက်အခဲများစွာ ဖြစ်ပေါ်စေခဲ့သည်ကို အလွန်အမင်းအလေးထားဖော်ပြရန် မလိုအပ်တော့ပါ။ မြန်မာနိုင်ငံရှိ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များ၏ အကျိုးစီးပွားအတွက် ယင်းကဲ့သို့ ကံအကြောင်းမလှသည့် အခြေအနေများကို အပြီးအပြတ်နှင့် ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက် သွားရန် အချိန်တန်ပြီဖြစ်ပါသည်။

၄။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူကိုယ်တိုင်တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းဖိတ်ခေါ်မှုသည် လမ်းကြောင်းမှန်ကို ရှေ့ရှု၍ ကြီးမားသော ခြေလှမ်းလုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးကြသူအားလုံးက အမိအရ ရယူအသုံးချရမည့် အခွင့်အခါကောင်းတစ်ရပ်လည်း ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အနေဖြင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန် အလို့ငှာ မျှော်မှန်းထားသည့် ယင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ အလုံးစုံ ဖြစ်ပေါ်လာရေး ဖြစ်နိုင်သမျှ အခြေအနေများကို ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြပါရန် သက်ဆိုင်သူအားလုံးကို တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**"To deny people their human rights are to challenge their very humanity"**

**"လူအများ၏ လူ့အခွင့်အရေးကို ငြင်းပယ်ခြင်းသည် သူတို့၏ လူသားမျိုးနွယ်ဖြစ်မှုအစစ်အမှန်ကို စိန်ခေါ်ခြင်းပင် ဖြစ်သည်။"**

Nelson Mandela (1918–2013)

# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ မြစ်ကြီးနားမြို့ပေါ်ရှိ အကျဉ်းထောင်နှင့် မြို့မရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



ဧပြီလ ၇ ရက်

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၆-၄-၂၀၂၂ ရက်နေ့နှင့် ၇-၄-၂၀၂၂ ရက်နေ့များတွင် မြစ်ကြီးနားမြို့ပေါ်ရှိ အကျဉ်းထောင်နှင့် မြို့မရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ အကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား/အချုပ်သား တစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့်အကြံပြုချက်များအပေါ်အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



၃။ အကျဉ်းထောင်အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံ၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ အတွင်း/ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိကို လည်းကောင်း၊ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



၄။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ



ဧပြီလ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့ အစည်း ဒုတိယ အကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၄) ၌ ၂၅-၄-၂၀၂၂ ရက်နေ့၊ ၁၃:၀၀ နာရီ အချိန်မှ ၁၅:၅၅ နာရီအချိန် အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံ အယူ အဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက် များအကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ဦးရေ (၁၉) ဦး တက်ရောက်ခဲ့ ကြပြီး တက်ရောက်လာ သော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ပြန်လည်ဖြေကြားခဲ့ကြပါသည်။

---

## ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ





ဧပြီလ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့် နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့သည် ဗဟိုဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက် ရှိသော အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၁၇) ၌ ၂၆-၄-၂၀၂၂ ရက်နေ့၊ ၁၀:၀၀ နာရီ အချိန်မှ ၁၅:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့် အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုး သားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့်လုပ်ငန်း ဆောင်ရွက်ချက်များ အကြောင်းကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း က နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့် အများပြည်သူ

၏ တာဝန်ရှိမှု၊ ကုလသမဂ္ဂလူ့အခွင့်အရေး ယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် အစီရင်ခံစာ စသည့် ဘာသာရပ်များကိုလည်းကောင်း သင်ခန်းစာများ အသီးသီး ပို့ချခဲ့ကြရာ စုစုပေါင်း သင်တန်းသားဦးရေ (၄၃) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်း တို့က ပြန်လည်ဖြေကြားခဲ့ကြပါသည်။

---

## ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ

ဧပြီလ ၂၉ ရက်



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်မောင်မောင် သန်းသည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိ သော ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၄) ၌ ၂၉-၄-၂၀၂၂ ရက်နေ့၊ ၁၃:၀၀ နာရီ အချိန်မှ ၁၅:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွား ရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်မောင်မောင်သန်းက နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့် အများပြည်သူ၏ တာဝန်ရှိမှု၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် အစီရင်ခံစာ စသည့် ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၁၉) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်း ကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## ၂၀၂၂-၂၀၂၃ နိုင်ငံတော်ထောက်ပံ့ငွေမှ အသုံးစရိတ်များ ကျခံသုံးစွဲရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးပြုလုပ်ခြင်း

ဧပြီလ ၂၀ ရက်



၂၀၂၂-၂၀၂၃ နိုင်ငံတော်ထောက်ပံ့ငွေမှ အသုံးစရိတ်များ ကျခံသုံးစွဲရေးနှင့်စပ်လျဉ်း သည့် အစည်းအဝေး အား ၂၀-၄-၂၀၂၂ ရက်နေ့ (၁၃:၃၀) နာရီအချိန်တွင် ကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်၍ ပြုလုပ်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝယ်ယူရေးနှင့်ဝန်ဆောင်ရေး အဖွဲ့ဝင်များနှင့် ဌာနတွင်း စာရင်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်တို့ တက်ရောက်ခဲ့ပါသည်။

## မှူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်)တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ

ဧပြီလ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) ၌ ဖွင့်လှစ်လျက်ရှိသော စုံထောက် (အရာရှိ) သင်တန်း၊ အမှတ်စဉ် (၁၉၀/၂၀၂၁) ၌ ၂၅-၄-၂၀၂၂ ရက်နေ့ ၁၂:၃၀ နာရီအချိန်မှ ၁၄:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအကြောင်း သိကောင်းစရာ စသည့်သင်ခန်းစာ ဘာသာရပ်များ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၁၁၉) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် က ပြန်လည် ဖြေကြားခဲ့ပါသည်။



---

## ၂၀၂၂ခုနှစ်၊ မတ်လ တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ မတ်လတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်တန်းချက် (၂၆) စောင် လက်ခံရရှိခဲ့ရာ ဖေဖော်ဝါရီလ လက်ကျန်တိုင်စာ (၄) စောင်နှင့် တိုင်တန်းချက် စုစုပေါင်း (၃၀) စောင်ကို စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး (၄) ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး စိစစ်ခဲ့ရာ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်း | - | ၂ | စောင် |
| (ခ) | ကာယကံရှင်ထံအကြံပြုပြန်ကြားခြင်း | - | ၈ | စောင် |
| (ဂ) | မှတ်တမ်းထားရှိမှု | - | ၁၅ | စောင် |
| (ဃ) | လက်ကျန်တိုင်တန်းချက် | - | ၅ | စောင် |

ကော်မရှင်ဥပဒေပုဒ်မ ၃၇ (က)၊ ၃၇(ခ) အရ လည်းကောင်း၊ အချက်အလက်မပြည့်စုံ၍ တိုင်စာအင်္ဂါရပ်နှင့်မညီ၍လည်းကောင်း၊ ကော်မရှင်မှ ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း၊ ကော်မရှင် ဥပဒေ ပုဒ်မ ၃၂ (ခ) အရ လုပ်ပိုင်ခွင့်အတွင်း မကျရောက်၍ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရ တိုင်တန်းသူအတွက် ပိုမိုသင့်လျော်သောနည်းလမ်းဖြင့် ကုစားနိုင်၍လည်းကောင်း၊ စုစုပေါင်း တိုင်တန်းချက် (၁၅) စောင်အား မှတ်တမ်းထားရှိခဲ့ပါသည်။

# မီးဘေးလုံခြုံရေးအတွက် အသိပညာပေး ဆွေးနွေးခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြခြင်း

ဧပြီလ ၇ ရက်

ပွင့်လင်းရာသီရောက်ရှိလာပြီး မီးလောင်မှုဖြစ်စဉ်များ ဖြစ်ပွားနှုန်း တိုးတက်လာသောကြောင့် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် မီးဘေးကာကွယ်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်သွားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ အကြောင်းကြားချက်နှင့်အညီ မီးဘေးလုံခြုံရေးအတွက် အသိပညာပေး ဆွေးနွေးခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းတို့အား မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်တွင် ၇-၄-၂၀၂၂ ရက်နေ့၌ ပြုလုပ်နိုင်ရေး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။






မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဆွေးနွေးခြင်းကို နံနက် (၁၀:၃၀) နာရီတွင် ပြုလုပ်ခဲ့ ပြီး ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများရှိ ဝန်ထမ်းများသည် Face to Face System နှင့် Online Virtual System တို့ဖြင့် တက်ရောက် ခဲ့ကြပါသည်။ ဆက်လက်၍ မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းကို (၁၁:၃၀) နာရီအချိန်တွင် ပြုလုပ်ခဲ့ပြီး ကော်မရှင်ရုံးချုပ်မှ ဝန်ထမ်းအချို့ လက်တွေ့ပြုလုပ်မှုများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ကော်မရှင်ရုံးဝင်းရှိ အဆောက်အဦများအား မီးဘေးကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်နိုင်ရေး အကြံပြုရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးမှုပြုခဲ့ပါသည်။



## လူ့အခွင့်အရေး

ငါးလုံးတည်းနဲ့ နက်နဲတာ လူ့အခွင့်အရေးပါ
တိကျသေချာစွာ ဖော်ပြလို့မရ
အဲဒါ လူ့အခွင့်အရေးဗျ။

မွေးလာကတည်းက တူညီတာ
လူသားဂုဏ်သိက္ခာ
အသားအရောင်၊ လူမျိုး၊ ဘာသာမခွဲခြား
တန်းတူညီမျှခြင်းများ။

လူသားတိုင်းဟာ လွတ်လပ်စွာ
လူ့အခွင့်အရေးကျင့်သုံးကာ
ခွဲခြားမှုများမပြုဘဲ တန်းတူဆက်ဆံပေး
တခြားသူရဲ့ အခွင့်အရေး လေးစားလိုက်နာပေး
အဲဒါ လူ့အခွင့်အရေး။

ဆုး

## Video Conferencing Management Training သင်တန်း ဖွင့်လှစ်ခြင်း



ဧပြီလ ၂၂ ရက်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဌာနအသီးသီးအနေဖြင့် Online အစည်းအဝေးများ၊ Online သင်တန်းများ တက်ရောက်ရာတွင် လွယ်ကူလျင်မြန်စွာ အသုံးပြုတတ်စေရန် ရည်ရွယ်၍ Video Conferencing Management Training သင်တန်း အမှတ်စဉ် (၁) ကို ၁၉-၄-၂၀၂၂ မှ ၂၀-၄-၂၀၂၂ ထိ လည်းကောင်း၊ သင်တန်းအမှတ်စဉ် (၂) ကို ၂၁-၄-၂၀၂၂ မှ ၂၂-၄-၂၀၂၂ ထိလည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြပါသည်။

---

## Computer Maintenance သင်တန်း ဖွင့်လှစ်ခြင်း

ဧပြီလ ၂၆ ရက်
မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဌာနအသီးသီးအနေဖြင့် မိမိအသုံးပြုနေသော ကော်မရှင်ရုံးပိုင် ကွန်ပျူတာများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းတက်စေရန် ရည်ရွယ်၍ Computer Maintenance သင်တန်းကို ၂၆-၄-၂၀၂၂ ရက်နေ့ နံနက်တွင် ဖွင့်လှစ်ခဲ့ပြီး အရာထမ်း၊ အမှုထမ်း ၁၉ ဦးတက်ရောက်ခဲ့ကြပါသည်။



# ENGLISH SECTION

## Statement of the Myanmar National Human Rights Commission on the peace initiative
## Statement No. (2/ 2022)

April 28

1. Article 3 of the Universal Declaration of Human Rights (UDHR), which Myanmar voted for when it was adopted in 1948, recognizes that everyone has the right to life, liberty and security of person.

2. Similarly, the ASEAN Human Rights Declaration (AHRD), to which Myanmar is a party, also recognizes in its paragraph 38 that every person and the peoples of ASEAN have the right to enjoy peace.

3. To fully enjoy these rights requires peace as a prior and essential condition. It needs not be overemphasized that the lack of peace in Myanmar has given rise to many serious deprivations and difficulties for its citizens for the last several decades. It is high time that these unfortunate conditions are dealt with effectively and once and for all in the interest of current and future generations of Myanmar.

4. The initiative of the Chairman of the State Administration Council Prime Minister Commander-in-Chief of Defence Services to engage in peace talks with ethnic armed organizations in person, therefore, is a gigantic and forward-looking step in the right direction and the rarest chance of its kind to be seized by all peace-loving people.

5. The MNHRC wishes to urge all concerned to make every effort to realize the full potential of these envisaged peace talks with a view to establishing lasting peace in the entire country for the benefit of the citizens of Myanmar.

Myanmar National Human Rights Commission

## MNHRC gives Human Rights Lecture at Central Institute of Civil Services



April 25

As a part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr Than Myint , Commissioner gave lectures on human rights at the Management Course for Executive Level Officials (No.4) hold at Central Institute of Civil Services (Lower Myanmar ) on 25 April 2022 from 01:00 pm to 03:55 pm.

In doing so, the Commissioner Dr Than Myint gave the lectures on Human Rights Concepts, Universal Declaration of Human Rights, Myanmar National Human Rights Commission and its Activities. After that the lecturer answered the questions asked by the trainees. A total of 19 deputy directors general from the departments and organizations have attending as trainees the above-mentioned course.

---

## MNHRC gives Human Rights Lecture at Central Institute of Civil Services





Apirl 26

As a part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr. Than Myint and Dr. Tin Maung Maung Than, the Commissioners gave lectures on human rights at the Management Course for Senior Level Officials (No.17) hold at Central Institute of Civil Services (Lower Myanmar) on 26 April 2022 from 10:00 am to 03:55 pm. In doing so, the Commissioner Dr. Than Myint gave the lectures on Human Rights Concepts, Universal Declaration of Human Rights and Myanmar National Human Rights Commission and its Activities, the Commissioner Dr. Tin Maung Maung Than also delivered the lectures on State Obligations and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review. After that the lecturers answered the questions asked by the trainees. A total of 43 directors from the departments and organizations have attended as trainees the above-mentioned course.

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်။

ဖုန်း– ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm
facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။

ဖုန်း – ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ဦးပိုင်အမှတ် ၃၅ (က၊ဃ)၊ ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။

ဖုန်း – ၀၉၅၃၄၃၆၅၀

**ရခိုင်ပြည်နယ် (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။

ဖုန်း –၀၉၄၂၅၈၆၀၀၀၈

*မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး*
*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*
*e-government@mnhrc.org.mm*